Washington State Health Care Authority

Apple Health ဖောက်သည်များအတွက် တယ်လီကျန်းမာရေး လမ်းညွှန်

COVID-19 ကူးစက်ကပ်ရောဂါအတွင်း ရရှိနိုင်သော ဝန်ဆောင်မှုများ

COVID-19 ကူးစက်ကပ်ရောဂါကို တုံ့ပြန်သည့်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အာဏာပိုင်အဖွဲ့(HCA) နှင့် ပါရှင်တန် Apple Health (Medicaid)တို့က စောင့်ရှောက်မှု အဖွဲ့အစည်းများသည် အဆိုပါ COVID-19 ကပ်ရောဂါကာလအတွင်း ဖောက်သည်များ၊ မိသားစုများနှင့် ပံ့ပိုးပေးသူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် တယ်လီကျန်းမာရေး နည်းပညာ အမျိုးမျိုးကို အသုံးပြုခွင့် ပေးခဲ့ပါသည်။

တယ်လီကျန်းမာရေးဆိုသည်မှာ ဘာလဲ။

တယ်လီကျန်းမာရေးသည် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူနှင့် လူနာတို့သည် ဖုန်း၊ အီးမေးလ် (သို့) ဗီဒီယိုကို အသုံးပြု၍ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှု ပေးသည့်နည်းလမ်း ဖြစ်သည်။

ကျွန်ုပ်၏ ပံ့ပိုးပေးသူနှင့် ဆွေးနွေးရန် တယ်လီကျန်းမာရေးကို အသုံးပြုသောအခါ ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာ ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ကာကွယ်ထားပါသလား။

သင်နှင့် သင်၏ပံ့ပိုးပေးသူသည် တယ်လီကျန်းမာရေး ဆွေးနွေးစဉ်အတွင်း အတည်ပြုထားသောနည်းပညာကို အသုံးပြု၍ သင်၏ ကျန်းမာရေးစောင့်ရှောက်မှု သတင်းအချက်အလက်ကို ကာကွယ်ရာတွင် ကူညီနိုင်သည်။ သင်၏သတင်းအချက်အလက်ကို ကာကွယ်ရန် လိုအပ်သော အစီအမံများနှင့် ပတ်သက်၍ ရွေးချယ်မှုများကို သင်၏ပံ့ပိုးပေးသူနှင့် ဆွေးနွေးသင့်သည်။ ၎င်းတွင် သီးသန့်အခန်းတစ်ခု သို့မဟုတ် နေရာတစ်ခုတွင် ဖုန်းကို အသုံးပြုခြင်း ပါဝင်နိုင်သည်။ သင်၏ ကိုယ်ရေးကိုယ်တာ ကျန်းမာရေး အချက်အလက်များကို ကာကွယ်ရန် သင်က ဆုံးဖြတ်ချက်ချရပါမည်။

ကျွန်ုပ်သည် Apple Health တွင် စာရင်း သွင်းထားပါသည်။ တယ်လီကျန်းမာရေး သုံးပြီး ဝန်ဆောင်မှုများ ရနိုင်မလား။

ရနိုင်ပါသည်။ တယ်လီကျန်းမာရေးကို အသုံးပြု၍ ကျယ်ပြန့်သော ဝန်ဆောင်မှု အမျိုးမျိုးကို ရနိုင်ပါသည်။ ပံ့ပိုးပေးသူအား လူပုဂ္ဂိုလ်အချင်းချင်း တေ့တွေ့ဆုံဆွေးနွေးခြင်း၏ အခြားရွေးချယ်စရာ တစ်ခုအနေဖြင့် ထင်မြင်ရန် တယ်လီကျန်းမာရေးကို အသုံးပြုရန် သင့်တွင် ရွေးချယ်ခွင့်ရှိသည်။ ၎င်းတွင် အခြေခံစောင့်ရှောက်မှုပေးသူ သို့မဟုတ် အထူးကျွမ်းကျင်သူ တစ်ဦးဦးနှင့် ဆွေးနွေးခြင်း၊ မိသားစု ကျန်းမာရေးပံ့ပိုးပေးသူ၊ ရုပ်ပိုင်းဆိုင်ရာ၊ စကားထစ် မပြောခြင်းဆိုင်ရာ သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာ ကုထုံး-အမူအကျင့်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ အသုံးချ အပြုအမူလေ့လာဆန်းစစ်မှုဆိုင်ရာ၊ သွားဆရာဝန် နှင့် ဤဝန်ဆောင်မှုပေးခြင်း နည်းလမ်းကို အသုံးပြုလိုသည့် အခြားမည်သည့် ပံ့ပိုးသူမဆို ပါဝင်သည်။

ကျွန်ုပ်၏ ပံ့ပိုးသူထံမှ တယ်လီကျန်းမာရေး ဝန်ဆောင်မှုများကို ကျွန်ုပ် မည်သို့ တောင်းဆိုရမည်နည်း။

သင့်တွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပြဿနာရှိပါက သို့မဟုတ် ဆက်လက်ဖြစ်ပွားနေသော ကျန်းမာရေး ပြဿနာများကို စစ်ဆေးရန်လိုအပ်ပါက ရက်ချိန်းယူရန် သင့် ပံ့ပိုးပေးသူထံ ဖုန်းဆက်ပါ။ သင်၏ ပံ့ပိုးပေးသူသည် သင်ကိုယ်တိုင် လာရောက်ဆွေးနွေးခြင်း သင့်မသင့်၊ တယ်လီကျန်းမာရေး နည်းပညာဖြင့် တွေ့ဆုံခြင်း သင့်မသင့် ဆုံးဖြတ်ရန် မေးခွန်းများ မေးလိမ့်မည်ဖြစ်ပြီး၊ တယ်လီကျန်းမာရေး ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရန် ပံ့ပိုးပေးသူတွင် ပြည့်စုံမှုရှိလျှင် သင့်အား အကြောင်းကြားပါမည်။ တယ်လီကျန်းမာရေး ချိန်းဆိုမှုများသည် လူပုဂ္ဂိုလ်အချင်းချင်း တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည့်အတိုင်း စီစဉ်ထားပြီး ချိန်းဆိုမှု မည်သို့ပြုလုပ်မည်ကို သင့်အား အသိပေးပါလိမ့်မည်။ ဥပမာ၊ "ဆရာဝန်က သင့်အား သောကြာနေ့ နေ့လည် 2 နာရီတွင် ခေါ်ဆိုပါမည်။"

အကယ်၍ သင်သည် အိမ်တွင်း ကျန်းမာရေး၊ ကုထုံး သို့မဟုတ် အပြုအမူဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများအတွက် ပုံမှန်ချိန်းဆိုမှုများ ပြုလုပ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်လျှင် သင်၏ပံ့ပိုးပေးသူသည် ဤဆက်လက်ဖြစ်ပွားနေသော ဆွေးနွေးမှုများကိုလည်း စီစဉ်ရန် သင်နှင့်အတူ လုပ်ဆောင်ပါလိမ့်မည်။

ကျွန်ုပ်၏ တယ်လီကျန်းမာရေး ဝန်ဆောင်မှုများကို စီစဉ်ရန် စကားပြန်တစ်ဦး လိုအပ်လျှင် ဘာလုပ်ရမလဲ။

ချိန်းဆိုချက်ကို စီစဉ်သည့်အခါ သင်သည် စကားပြန် လိုအပ်ကြောင်း သင့်ပံ့ပိုးသူအား အသိပေးပါ။ ပိုမိုသိရှိလိုပါက၊ hca.wa.gov/interpreter-services ကို လေ့လာပါ။

ကျွန်ုပ်သည် အာမခံထားခြင်း မရှိကြောင်းနှင့် Apple Health လျှမ်းခြုံမှုကို မည်သည့်အခါကမှ လျှောက်ထားခြင်းမရှိပါ။ တယ်လီကျန်းမာရေး ဝန်ဆောင်မှုများကို ရနိုင်သလား။

သင်က Apple Health အတွက် ရထိုက်ခွင့် ရှိ၊မရှိ သိရန် အခမဲ့ (သို့) ကုန်ကျစရိတ်သက်သာသည့် ကျန်းမာရေး ခံစားခွင့်အတွက် လျှောက်ထားနိုင်သည်-

- **အွန်လိုင်း-** wahealthplanfinder.org
- **ဖုန်း-** 1-855-923-4633

Apple Health လျှမ်းခြုံမှုကို ငြင်းပယ်ခံရပါက COVID-19 အတွက် စမ်းသပ်ခြင်းနှင့် ကုသခြင်းဆိုင်ရာ အသိုင်းအဝိုင်း ကျန်းမာရေးစင်တာကို ဆက်သွယ်နိုင်သည်။

တယ်လီကျန်းမာရေး ဆွေးနွေးမှု ချိန်းဆိုချက်အတွက် ကျွန်ုပ် မည်သို့ ပြင်ဆင်ရမည်နည်း။

- အာရုံပျံ့လွင့်စရာမရှိဘဲ ဆိတ်ငြိမ်သည့် သီးခြားနေရာတစ်ခုကို ရွေးချယ်ပါ
- သင့်ဖုန်း သို့မဟုတ် ကွန်ပျူတာကို အားသွင်းထားကြောင်း သေချာပါစေ
- မှတ်စုများ ရေးသားရန် ဖောင်တိန်တစ်ချောင်းနှင့် စာရွက် လက်ကိုင်ထားပါ

Updated 5/20/20

BS